**မိုကိုလာရေလှုပ်ရှားမှု**

# အသက်ပေးသည့် နှုတ်တော်ထွက်စကား

အောက်တိုဘာလ ၂၀၁၅

**"သင်တို့အချင်းချင်းချစ်ကြလျှင် လူခပ်သိမ်းတို့သည် ထိုချစ်ခြင်းမေတ္တာကိုထောက်ရှု၍ သင်တို့သည် ငါ၏ တပည့်များဖြစ်ကြောင်းသိကြလိမ့်မည်" ဟုမိန့်တော်မူ၏။ (ယောဟန်၁၃း၃၅)**

ဤနေရာ၌ ကျွန်ုပ်တို့တွင် ခရစ်ယာန်တည်းဟူသောအမှတ်တံဆိပ်၊ ထင်ရှားသည့်လက္ခဏာ အမှတ်အသား ဟူ၍ ရှိပါသည်။ သို့မဟုတ် ရှိသင့်ပါသည်၊ အကြောင်းမှာ သခင်ယေရှုကိုယ်တော်တိုင်က သူ၏လူမှုအသိုင်းအဝိုင်း အား ထိုသို့ရှုမြင်သောကြောင့်တည်း။

ခရစ်ယာန်ဘာသာ၏အစောပိုင်းရာစုနှစ်များမှ နှစ်လိုဘွယ်အရေးအသားက ခရစ်ယာန်များအား တိုင်းနိုင်ငံ၊ ဘာသာစကား သို့မဟုတ် ထုံးတမ်းစဉ်လာတို့အားဖြင့် အခြားလူသားမျိုးနွယ်များမှ တစ်ထူးတစ်ခြားထင်ရှားမဖော်ပြ နိုင်ကြောင်း သိမှတ်ဝန်ခံထားပါသည်။ ၎င်းတို့သည် ကိုယ်ပိုင်မြို့ကြီးများတည်၍နေကြသည်မဟုတ်၊ သူတို့သည် ထူးထူးခြားခြားစကားသုံးနှုန်းပြောဆိုသည်မဟုတ်၊ ၎င်းတို့သည် ထူးခြားဆန်းကြယ်သည့် အသက်တာလမ်းစဉ်များ ကို လိုက်လျှောက်နေသည်မဟုတ်၊ သူတို့သည် အခြားသောသူများကဲ့သို့ သာမန်လူများပင်ဖြစ်သည်။ သို့သော်လည်း သူတို့တွင် လျှို့ဝှက်ချက်ရှိပြီး ယင်းက လူမှုအသိုင်းအဝိုင်းကို ကြီးမားစွာလွှမ်းမိုးစေကာ အသက်ဝိညာဉ် အနှစ်သာရ ဖြစ်လာသည်။

ထိုလျှို့ဝှက်ချက်အားသခင်ယေရှုသည် ဒုက္ခစရိယာကျင့်ခံတော်မမူမီတွင် သူ၏နောက်လိုက်တပည့်တော် ကြီးများအား လက်ဆင့်ကမ်းပေးခဲ့ပါသည်။ အစ္စရေးမှ ရှေးဦးပညာရှိကြီးများကဲ့သို့လည်းကောင်း၊ ဖခင်က သားသမီး သို့လက်ဆင့်ကမ်းပေးသကဲ့သို့လည်းကောင်း ဉာဏ်ပညာ၏ဆရာသခင်ဖြစ်တော်မူသော ကိုယ်တော်ကလည်း မည်သို့ အသက်ရှင်ရမည်အကြောင်း သိခြင်းတရားနှင့် ကောင်းစွာနေထိုင်သွားရန် အမွေအနှစ်ကိုထားရစ်ခဲ့ပါသည်။ ကိုယ်တော်ရှင်က "အကြောင်းမူကားငါ၏ခမည်းတော်ထံမှ ငါကြားသိရသမျှတို့ကို သင်တို့အားငါသိစေပြီ" (ယော ဟန်၁၅း၁၅) ဟု အဖခမည်းတော်ဘုရားထံမှ တိုက်ရိုက်ထုတ်နှုတ်ဖော်ပြခြင်းဖြစ်ပြီး ယင်းကလည်း သူတို့အကြား ဆက်ဆံရေး၏အသီးအပွင့်ပင်ဖြစ်သည်။ ယင်းက တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ချစ်ခြင်းမေတ္တာထားခြင်းအပေါ် အခြေခံပါသည်။ ယင်းကား ကိုယ်တော်ရှင်ဤလောကသို့ဆောင်ကြဉ်းခဲ့ပြီး ကျွန်ုပ်တို့နှင့်အတူမျှဝေပေးခြင်းဖြင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်အသက်တာလမ်းစဉ်ဖြစ်လာနိုင်သည့် ကောင်းကင်နိုင်ငံတော်ဆိုင်ရာ အသက်တာတည်းဟူ သော ကိုယ်တော်ရှင်၏နောက်ဆုံးမှာတမ်းနှင့် ပညတ်ချက်လည်းဖြစ်သည်။

ကိုယ်တော်ရှင်က ထိုအချက်ကို သူ၏တပည့်တော်ကြီးများ၏ ထင်ရှားသည့်အမှတ်လက္ခဏာဖြစ်စေလိုသည်။ သူတို့၏အပြန်အလှန်ထားရှိသောချစ်ခြင်းမေတ္တာကိုထောက်လျက် သူ၏တပည့်များဖြစ်ကြောင်း အသိအမှတ်ပြုခံရစေချင်သည်။

**"သင်တို့အချင်းချင်းချစ်ကြလျှင် လူခပ်သိမ်းတို့သည် ထိုချစ်ခြင်းမေတ္တာကိုထောက်ရှု၍ သင်တို့သည် ငါ၏တပည့်များဖြစ်ကြောင်းသိကြလိမ့်မည်" ဟုမိန့်တော်မူ၏။**

သခင်ယေရှု၏တပည့်တော်ကြီးများသည် သူတို့ထားရှိသော အပြန်အလှန်ချစ်ခြင်းမေတ္တာကြောင့် အသိအမှတ်ပြုခြင်းခံရပါသလား။ ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါလ်အရှင်မြတ်က "အသင်းတော်ရာဇဝင်သည် သန့်ရှင်းမြင့်မြတ်ခြင်းရာဇဝင်ပင်ဖြစ်၏" ဟုရေးသားခဲ့ပါသည်။ သမိုင်းထဲတွင် ခရစ်ယာန်သာသနာကို ထိပ်တိုက်ပြသည့်ဖြစ်ရပ်များကို မှတ်တမ်းတင်ထားမှုများလည်းရှိပါသည်။ ခရစ်ယာန်တို့သည် ရာစုနှစ်ပေါင်းများစွာ သခင်ယေရှု၏နာမတော်ကိုအကြောင်းပြုလျက် တစ်ဘက်နှင့်တစ်ဘက်မဆုံးနိုင်သောစစ်ခင်းမှုများပြုခဲ့ကြသလို ဆက်လက်၍လည်း ကွဲပြားမှုများရှိနေပါသည်။ ယနေ့ထက်တိုင် ခရစ်ယာန်များအား ခရူးဆိတ်စစ်ပွဲနှင့် ပတ်သက်နေသေးသည်၊ သိပ္ပံပညာတိုးတက်ဖြစ်ထွန်းမှုကို ဆန့်ကျင်သော ခေတ်နောက်ကျနေပြီဖြစ်သည့်ကျင့်ဝတ်ကို ကာကွယ်နေသူများဟု ရှုမြင်ကြသည်။

ဂျေရုဆလင်တွင် ပေါ်ပေါက်လာခဲ့သည့် ပထမဆုံးခရစ်ယာန်အသိုင်းအဝိုင်းမှာ ထိုသို့မဟုတ်ပါ။ သူတို့၏ဘုံပိုင်ဆိုင်မှုအလေ့အထ၊ အချင်းချင်းအကြားစည်းလုံးညီညွတ်မှုရှိခြင်း၊ ပျော်ရွှင်ကြည်နူးလျက် ဝမ်းမြောက်ရွှင်လန်းသည့် စိတ်နှလုံးရှိခြင်းတို့ကို လူအများကနှစ်သက်ကြသည် (တမန်တော်၂း၄၆တွင်ရှု)။ တမန်တော်ဝတ္ထုကိုဖတ်ကြည့်သောအခါ လူအများက သူတို့အားအလွန်ရိုသေလေးစားကြပြီး သခင်ဘုရားကိုယုံကြည်သောအမျိုးသား၊ အမျိုးသမီးတို့၏အရေအတွက်သည် တဖြည်းဖြည်းတိုးပွားလေ၏။ (တမန်တော်၅း၁၃–၁၄)။ ထိုလူ့အသိုင်းအဝိုင်း၏ အသက်ရှင်သောပုံသက်သေပြခြင်းက ဆွဲဆောင်မှုအားကြီးလှပါသည်။ ယနေ့ခေတ်ကာလတွင် ကျွန်ုပ်တို့သည်လည်း မိမိတို့၏ချစ်ခြင်းမေတ္တာရပ်တည်ချက်ကြောင့် ထင်ရှားလူသိများသူများ မဖြစ်ကြသနည်း။ သခင်ယေရှု၏ပညတ်တော်ကို ကျွန်ုပ်တို့အဘယ်သို့ပြုခဲ့ကြသနည်း။

**"သင်တို့အချင်းချင်းချစ်ကြလျှင် လူခပ်သိမ်းတို့သည် ထိုချစ်ခြင်းမေတ္တာကိုထောက်ရှု၍ သင်တို့သည် ငါ၏တပည့်များဖြစ်ကြောင်းသိကြလိမ့်မည်" ဟုမိန့်တော်မူ၏။**

အစဉ်အလာအားဖြင့် ရောမကက်သလစ်အသင်းတော်အတွင်း၌ အောက်တိုဘာလသည် သာသနာအမှုတော်အတွက်၊ ကမ္ဘာလောကသို့သွားပြီး သမ္မာတရားတော်ကိုဟောပြောဝေငှရန် သခင်ယေရှုးတောင်းဆိုချက်ကို ထောက်ရှုဆင်ခြင်ရန်၊ ရှေ့တန်းတွင် အမှုတော်ဆောင်လျက်ရှိသူတို့အတွက် ဆုတောင်းပေးရန်နှင့် ပံ့ပိုးရန်တို့အတွက် ရည်စူးသတ်မှတ်ထားပါသည်။ ဤအသက်ပေးသည့်နှုတ်တော်ထွက်စကားသည် ခရစ်ယာန်ဖော်ပြချက် အခြေခံရှုထောင့်တိုင်းကို အာရုံပြုမိစေဖို့ အထောက်အကူ ဖြစ်နိုင်ပေမည်။ ယင်းကား အခြားယုံကြည်ခြင်းရှိသူတို့အပေါ် အခွင့်အရေးယူခြင်းမဟုတ်၊ သိမ်းသွင်းဆွဲဆောင်ခြင်းမဟုတ်သကဲ့သို့ ဆင်းရဲနွမ်းပါးသူတို့အား ထောက်ပံ့ကူညီပေးခြင်းဖြင့် သူတို့သည်ယုံကြည်မှုပြောင်းလဲလာအောင်သိမ်းသွင်းခြင်းလည်းမဟုတ်ပေ။ ခရစ်ယာန်တို့သည်ပင်လျှင် ရှောင်လွှဲ၍

မရသော စာရိတ္တတန်ဖိုးကာကွယ်ရေး သို့မဟုတ် မတရားမှုနှင့် စစ်ပွဲတို့ကို ဆန့်ကျင်သည့်ခိုင်မာသောရပ်တည်မှုတို့အတွက် ကနဦးစိမ်ခေါ်ချက်လည်းမဟုတ်ပေ။

အစဦးကပင် ခရစ်ယာန်တည်းဟူသောဖော်ပြချက်မှာ အသက်တာပုံသက်သေပြကြမည့် သခင်ယေဇူးနောက်တော်သို့လိုက်သူများအားလုံးသည် မိမိကိုယ်ကို ဆက်ကပ်ကြရမည်။ မျက်မှောက်ခေတ်ကမ္ဘာလောကရှိလူတို့သည် သင်ကြားပို့ချသူများထက် ပုံသက်သေပြမှုကို ပို၍နာယူလိုကြသည် (*EvangeliiNuntiandi*, 41)။ နာမကျန်းသူများနှင့် ဆင်းရဲနွမ်းပါးသူများအတွက် မိမိဘဝအသက်တာတစ်ခုလုံး ကို ပေးဆက်ခဲ့သူများ၊ အလိုအပ်ဆုံးသူများအတွက် အကူအညီပေးရန်နှင့် တစ်လုံးတစ်ဝတည်းရှိစေဖို့ ဘဝကိုပေးဆက်ရန် မိမိဇာတိမြေမှစွန့်သွားဖို့အသင့်ရှိသူများ၏ပုံသက်သေများကြောင့် အသင်းတော်ကြီးအားလက်မခံသောသူများပင်လျှင် မကြံစဖူးသလိုထိတွေ့ပြောင်းလဲမှုများရှိခဲ့သည်။

သို့သော် သခင်ယေဇူးသက်သေခံသူတို့ ဦးစွာပထမလိုအပ်ချက်မှာ အဖွဲ့အစည်းအသိုင်းအဝိုင်းတစ်ခုလုံးက သမ္မာကျမ်းစာတော်မြတ်၏ အမှန်တရားကို လက်တွေ့ကျင့်ကြံပြကြရပေမည်။ ယင်းက ကိုယ်တော်ရှင်ဆောင်ကြဉ်းခဲ့သောအသက်တာသည် ကျွန်ုပ်တို့အနေဖြင့် စစ်မှန်သောညီအစ်ကိုမောင်နှမများသဖွယ် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီကြပြီး အလိုအပ်ဆုံးနှင့် နွမ်းပါးဆုံးသူများကိုဝိုင်းဝန်းကူညီကာနေထိုင်ကြသည့် လူ့ဘောင်လောကသစ်ကို အမှန်တကယ်အသက်သွင်းပေးကြောင်းပြသနိုင်ရမည်။

အသင်းတော်ကြီး၏အသက်တာမှာ ဖရန်စစ္စကန်နှင့် ဂျေဆွစ်အသင်းဂိုဏ်းသားများ တောင်အမေရိကမှ ဒေသခံတိုင်းရင်းသားများအတွက် အခြေချနေထိုင်ဖို့ရန် တည်ဆောက်ပေးခဲ့ခြင်းများ၊ သို့မဟုတ် ၄င်းတို့ ကျောင်းသင်္ခမ်းများအနီးဝန်းကျင်တွင် လူနေမြို့ရွာများ တိုးပွားလာစေခြင်း စသော သက်သေခံချက်များအဖြစ်တွေ့မြင်ရသည်။ ယနေ့ခေတ်အခါတွင်လည်း သာသနာပိုင်တို့နှင့် ခရစ်ယာန်အသိုင်းအဝိုင်းတို့၏လှုပ်ရှားမှုများသည် သမ္မာကျမ်းစာတော်မြတ်၏အသီးအပွင့်နှင့် အပြန်အလှန်ထားရှိသောချစ်ခြင်းမေတ္တာအသက်တာဖြင့်ပြည့်ဝသော လူ့ဘောင်အဖွဲ့အစည်းသစ်အမှတ်လက္ခဏာကိုမြင်တွေ့ ပုံသက်သေအဖြစ်မြင်တွေ့ရမည့် မြို့ပြများကို အသက်သွင်းလျက်ရှိပါသည်။

**“သင်တို့အချင်းချင်းချစ်ကြလျှင် လူခပ်သိမ်းတို့သည် ထိုချစ်ခြင်းမေတ္တာကိုထောက်ရှု၍ သင်တို့သည် ငါ၏တပည့်များဖြစ်ကြောင်းသိကြလိမ့်မည်” ဟုမိန့်တော်မူ၏ ။**

ကျွန်ုပ်တို့အချင်းချင်းအကြား ကျင့်ကြံသက်ရှင်နေသော သခင်ယေဇူးပေးခဲ့သည့်အသက်တာကို မိမိတို့၏နေအိမ်များနှင့် မိမိတို့သိသောလူပုဂ္ဂိုလ်များကို စွန့်လွှတ်ခြင်းမပြုရဘဲ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် နေထိုင်မှုပုံစံကို တစ်လှည့်စီဖန်တီးနိုင်ပြီး မြော်လင့်ခြင်းမျိုးစေ့နှင့် အသက်တာသစ်ကို ပျိုးကြဲနိုင်ပါသည်။ မိသားတစ်စုသည် သူတို့၏တုန့်ပြန်မေတ္တာထားရှိမှုကို နေ့စဉ်အသစ်တစ်ဖန်အစပြုလျက် လက်တွေ့ကျင့်ကြံနေလိုကြလျှင် သူတို့၏အိမ်ပတ်ဝန်းကျင် သို့မဟုတ် ဒေသတို့အတွက်လည်း တုန့်ပြန်မေတ္တာအလင်းတန်းရောင်ခြည် ဖြစ်လာနိုင်ပါသည်။ “သဘာဝပတ်ဝန်းကျင်ဆိုင်ရာကလာပ်စည်း” တစ်နည်းအားဖြင့် လူနှစ်ဦးသို့မဟုတ် ထိုထက်ပိုသောသူများက ၄င်းတို့၏အလုပ်ခွင်၊ စာသင်ကျောင်း၊ အစိုးရရုံးဌာနများ၊ စီမံခန့်ခွဲရေးဆိုင်ရာအဆောက်အဦများ၊ အကျဉ်းထောင်

အတွင်း စသည်ဖြင့်မိမိတို့ရှိရာပတ်ဝန်းကျင်တွင်  သမ္မာကျမ်းစာတော်မြတ်မှ တောင်းဆိုဖော်ပြချက်များကို အကြွင်းမဲ့ သန္နိဋ္ဌာန်ပြုချက်နှင့်အတူ သဘောတူလိုက်လျှောက်ကြခြင်းအားဖြင့် အာဏာပြိုင်ဆိုင်မှုကိုလျော့ပါးစေသလို ယခင်က မမျှော်လင့်ခဲ့ဘူးသော စစ်မှန်သည့်ညီရင်းအစ်ကိုကဲ့သို့စိတ်သဘောထားဖြင့် ပူးပေါင်းဆောင်ရွက်တတ်သော ပတ်ဝန်းကျင်ကောင်းကိုလည်း မွေးဖွားပေါ်ပေါက်စေပါလိမ့်မည်။

ရောမအင်ပါယာခေတ်က ရှေးဦးခရစ်ယာန်တို့သာ ထိုသို့ကျင့်ကြံပြုမူခဲ့ကြသလား။ ယင်းက ခရစ်ယာန်သာသနာ၏အသက်တာသစ်အဖြစ်ကျယ်ပြန့်ထွန်းကားစေရန်နည်းလမ်းမဟုတ်ပါလား။ ကျွန်ုပ်တို့၏ခေတ်အခါတွင်လည်း ရှေးဦးခရစ်ယာန်များကဲ့သို့ပင် အချင်းချင်းခွင့်လွှတ်ခြင်း၊ အစဉ်အမြဲတစ်ယောက်ကိုတစ်ယောက် အမြင်သစ်ဖြင့်ရှုမြင်ခြင်း၊ အချင်းချင်းယိုင်းပင်းကူညီခြင်း၊ စကားတစ်ခွန်းတည်းဖြင့်ပြောရလျှင် သခင်ယေဇူး ကျွန်ုပ်တို့အားချစ်သည့်နည်းတူ အချင်းချင်းချစ်ခြင်းမေတ္တာထားခြင်းဖြင့် ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အလယ်တွင်တည်ရှိခြင်းက အခြားသူများကိုလည်း ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ဆင်ခြင်တုံတရားသို့ ဆွဲဆောင်နိုင်ပေလိမ့်မည်။

*Fabio Ciardi*